တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၀၆

၂၀၁၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသောအယူခံမှု

ဦးအောင်နိုင်ဝင်း နှင့် ဦးစန်းပွင့်

**အယူခံတရားလို** **အယူခံတရားပြိုင်**

အယူခံတရားလိုအတွက် - ဦးတင်ရွှေ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဒေါ်မိမိခင်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်

ရေနံချောင်းမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇ တွင် တရားလိုဦးစန်းပွင့်က တရားပြိုင်ဦးအောင်နိုင်ဝင်းအပေါ် မြေဆီဖိုးကျန်ငွေကျပ်သိန်း ၁၀၀ ရလိုမှုစွဲဆိုရာ အနိုင်ဒီကရီချမှတ်သည်။ တရားပြိုင်ဦးအောင်နိုင်ဝင်းက မကွေးခရိုင်တရားရုံးသို့ ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၁ ဖြင့် တက်ရောက်ရာ မူလရေနံချောင်းမြို့နယ် တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်သည်။ တရားလိုဦးစန်းပွင့်က မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃ တွင် အယူခံတင်သွင်းရာ ရေနံချောင်းမြို့နယ်တရားရုံး၏ ၂၂-၈-၂၀၁၇ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်သဖြင့် တရားပြိုင်ဦးအောင်နိုင်ဝင်းက မကျေနပ်၍ ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် “ အာရှ” မြေသြဇာဖြန့်ချိရေးလုပ်ငန်း၏အရောင်းကိုယ်စားလှယ်ဖြစ်ပြီး မြေသြဇာအိတ်များလက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ တရားပြိုင်သည် ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် ပါတီရန်ပုံငွေရရှိရေးအတွက် ပြောဆို၍ တောင်တွင်းကြီး၊ မြို့သစ်၊ မင်းလှ၊ စလင်းမြို့နယ်၊ ပြည်ခိုင်ဖြိုးပါတီများသို့ ဖြန့်ချိရန် မြေဆီသြဇာအိတ်များကို အကြွေးစနစ်ဖြင့် ရောင်းချပေးရန် ၃-၄-၂၀၀၉ ရက်နေ့၌ ကမ်းလှမ်းပြောဆိုသည်ကို တရားလိုက သဘောတူပြီး

မြေသြဇာအိတ်များ အကြွေးရောင်းချပေးခဲ့ကြောင်း၊ မြေသြဇာအိတ်များကို အရောက်ပို့စနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ခရီးစရိတ်၊ လုပ်အားခ၊ ကားခကျသင့်ငွေကျပ် ၂၂ သိန်းကို တရားလိုအား တရားပြိုင်က အတိုးနှင့်ထုတ်ချေးပေးမည်၊ တိုးရင်းငွေကို တရားပြိုင်စတင်ပေးချေမည့် မြေသြဇာ ဖိုးငွေထဲမှ ခုနှိမ်ယူရန် သဘောတူခဲ့ကြကြောင်း၊ တရားပြိုင်မှမြေသြဇာအိတ်အလုံး (၂၀၀၀) ကို တစ်အိတ်လျှင် (အရောက်ပို့) ကျပ် ၃၀၀၀၀/- နှုန်းဖြင့် အကြွေးဝယ်ယူသွားခဲ့ပြီးနောက် ၆-၄-၂၀၁၀ ရက်နေ့တွင် တရားလိုထံ ရှင်းတမ်းနှင့်ငွေပေးပို့ခဲ့ကြောင်း၊ ပေးပို့ငွေတွင် တရားပြိုင်သို့ပေးရမည့် ငွေကျပ် ၂၂ သိန်းနှင့် အတိုးငွေ ၈၃၉၉၆၆/- ကျပ်ကို ခုနှိမ်၍ စာရင်းရှင်းလင်းပေးခဲ့သဖြင့် မြေသြဇာဖိုးအဝင်အဖြစ်ငွေ ၁၉၈၄၀၃၄ / - ကျပ်ဖြစ်ကြောင်း၊ တရားပြိုင်ထံမှ တရားလိုရရန်ရှိ သည့်ကြွေးကျန်ငွေများမှာ နောက်ဆုံးပေးဆပ်ခဲ့သည့် ၂၄-၆-၂၀၁၂ ရက်နေ့အထိ ငွေကျပ် ၁၁၂၁၆၀၀၀ /- ရှိသော်လည်း ငွေကျပ်သိန်း ၁၀၀ သာရယူလိုကြောင်း ဖော်ပြသည်။

ချေလွှာတွင် ၂၀၀၉ ခုနှစ်၊ ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ် တရားပြိုင်ထံသို့ ဦးစန်းပွင့်ရောက်ရှိ မိတ်ဆက်၍ ၎င်းရောင်းချသော "အာရှ" မြေသြဇာအိတ်များအား အခြားမြို့နယ်များရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီများမှတစ်ဆင့်ကူညီ၍ တောင်သူများဝယ်ယူအသုံးပြု နိုင်စေရန်အတွက် အကူအညီတောင်းခံခဲ့ကြောင်း၊ တရားပြိုင်က တောင်တွင်းကြီး၊ မင်းလှ၊ မြို့သစ်၊ စလင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီများနှင့် တိုက်ရိုက်ဆက်သွယ်ပေးခဲ့ ကြောင်း၊ တရားလို၏အစီအစဉ်ဖြင့် ပေးပို့ရောင်းချသည်ဟုသိရကြောင်း၊ မြေသြဇာရောင်းချရငွေ များကို မိမိထံသို့ တစ်ဆင့်လွှဲပြောင်းပေးပို့သဖြင့် တရားလိုထံသို့ ပေးချေခဲ့ကြောင်း၊ တရားလိုက ရောင်းချရန်ပေးပို့ထားသော မြေသြဇာအိတ်အချို့မှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ ပေါက်ပြဲ ပျက်စီးမှုရှိ၍ ရောင်းချရန်မဖြစ်နိုင်သဖြင့် တရားပြိုင်ထံသို့ အကြောင်းကြားလာသည်ကို တရားလိုသို့ ဆက်လက်အကြောင်းကြားပေးခဲ့ရာ တရားလိုက အိတ် (၄၀၀) ကို ပြန်လည်လက်ခံခဲ့သော်လည်း ပြန်လည်သယ်ယူမှုမရှိ၊ လာရောက်ကြည့်ရှုခြင်းမရှိသဖြင့် တရားလိုတွင်သာ တာဝန်ရှိသည်ဟု အသိပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၂-၆-၂၀၁၅ ရက်နေ့တွင် တရားစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအမှတ်စဉ် ၅၂ တွင် ပြဋ္ဌာန်းချက်အရ ကာလစည်းကမ်းသတ် (၃) နှစ် ကျော်လွန် နေပြီဖြစ်ကြောင်း ချေပသည်။

မူလရေနံချောင်းမြို့နယ်တရားရုံးက အမိန့် ၁၄၊ နည်း ၁ အရ ငြင်းချက် (၃) ရပ်နှင့် အမိန့် ၁၄၊ နည်း ၅ (၁) အရ "ယခုစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေပြီဆို ခြင်းမှာ မှန်သလား" နောက်တိုးငြင်းချက် (၁) ရပ်တို့ကို ထုတ်နုတ်၍ ကြားနာစစ်ဆေးသည်။ မြေသြဇာအိတ်ဖိုးငွေများနှင့်စပ်လျဉ်း၍ တရားပြိုင်က သက်ဆိုင်ရာမြို့နယ်များမှ တောင်းခံလျက် ရှိပြီး ရရှိပါက ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ ကာလ စည်းကမ်းသတ်ဥပဒေပုဒ်မ ၂၀ (၁) ပြဋ္ဌာန်းချက်အရ နောက်ဆုံးအကြိမ်မြေသြဇာဖိုးပေးဆပ်ခဲ့ သည့် ၂၄-၆-၂၀၁၂ ရက်နေ့မှစ၍ ကာလစည်းကမ်းသတ်အပိုင်းအခြားကို အသစ်ရေတွက်ရန် ဖြစ်ကြောင်း၊ ၂၂-၆-၂၀၁၅ ရက်နေ့တွင် အမှုစွဲဆိုခြင်းဖြစ်သဖြင့် စွဲဆိုသောအမှုမှာ ကာလ စည်းကမ်းသတ်ကျော်လွန်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင်သည် တရားလိုထံမှ ဝယ်ယူ ခဲ့သည့် မြေသြဇာအိတ် (၂၀၀၀) အတွက် ကျသင့်ငွေကျပ်သိန်း ၁၈၀ အနက်မှ ၁၉-၁၀-၂၀၀၉

ရက်နေ့မှ ၂၄-၆-၂၀၁၂ ရက်နေ့ထိ ငွေကျပ် ၆၇၈၄၀၀၀/- ပေးသွင်းခဲ့ပြီးဖြစ်၍ ကျန်ငွေမှာ ကျပ် ၁၁၂၁၆၀၀၀/- ဖြစ်ကြောင်း၊ ငွေကျပ် ၁၂၁၆၀၀၀/- အား စွန့်လွှတ်ပြီးဖြစ်၍ ငွေကျပ်သိန်း ၁၀၀ ကို ပေးဆပ်ရန် တာဝန်ရှိကြောင်း သုံးသပ်ဖြေဆို၍ အနိုင်ဒီကရီချမှတ်ပေးခြင်းဖြစ်သည်။

မကွေးခရိုင်တရားရုံးက အဆိုလွှာတွင် ကုန်ဖိုးငွေချေရန်နေ့ရက်သတ်မှတ်ဖော်ပြ ထားခြင်းမရှိကြောင်း၊ တရားလိုနှင့်တရားပြိုင်တို့သည် " ပစ္စည်းများရောက်ရှိပြီး (၆) လပြည့် သည်နှင့် မြေသြဇာဖိုးငွေများကို မပျက်မကွက်အကျေပေးချေရမည်" ဟု နှစ်ဖက်သဘောတူညီခဲ့ ကြောင်း၊ ကုန်ဖိုးပေးချေရန် နေ့ရက်သတ်မှတ်ခဲ့သည်ဟု မှတ်ယူနိုင်သည့်အတွက် ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၃ နှင့် သက်ဆိုင်သည်ဟု ကောက်ယူရကြောင်း၊ ကုန်ပစ္စည်း များလက်ခံရရှိသည့်နေ့ရက်သည် ၁၂-၇-၂၀၀၉ ရက်နေ့ဖြစ်သဖြင့် ကုန်ဖိုးပေးချေရန်နေ့မှာ ကုန်ပစ္စည်းများလက်ခံရရှိပြီး (၆) လပြည့်သည့် ၁၂-၁-၂၀၁၀ ရက်နေ့ဖြစ်ကြောင်း၊ ကာလ စည်းကမ်းသတ်စတင်ရေတွက်ရမည့်နေ့သည် ၁၂-၁-၂၀၁၀ ရက်နေ့ဖြစ်၍ အမှုစွဲဆိုသည့် ၂၂-၆-၂၀၁၅ ရက်နေ့တွင် ကာလစည်းကမ်းသတ် (၃) နှစ်ကျော်လွန်ပြီးမှ တရားစွဲဆိုခြင်း ဖြစ်ကြောင်း ကောက်ယူသုံးသပ်ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က နှစ်ဖက်သက်သေထွက်ဆိုချက်များအရ တရားပြိုင်ဦးအောင်နိုင်ဝင်းက ပေးသွင်းသည့်ငွေနှင့် ကျန်ငွေစာရင်းများကို သက်သေခံ (ဃ) တွင် ဖော်ပြထားရာ ပေးသွင်းငွေစုစုပေါင်းမှာ ငွေကျပ် ၆၇၈၄၀၀၀/- ဖြစ်ကြောင်း၊ ဦးစန်းပွင့်မှ ဦးအောင်နိုင်ဝင်းသို့ ပေးသွင်းသော ဓာတ်မြေသြဇာဖိုးငွေစုစုပေါင်းမှာ ငွေကျပ် ၁၈၀၀၀၀၀၀/- ဖြစ်ရာ ပေးသွင်းရန် ကျန်ငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၂၁၆၀၀၀ /- ဖြစ်ကြောင်း၊ တရားလိုက ငွေကျပ် ၁၂၁၆၀၀၀/-ကို စွန့်လွှတ်ထားသဖြင့် ရရန်ကျန်ငွေကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း၊ ကာလ စည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၃ တွင် ကုန်စည်များရောင်းချပေးအပ်ပြီး ဖြစ်ရာ ကုန်ဖိုးချေရန် သတ်မှတ်သည့်နေရက်စေ့ ကုန်သည့်အခါကစ၍ (၃) နှစ်အတွင်း တရားစွဲဆို ရမည်ဖြစ်ကြောင်း၊ " သက်သေခံ (၁) ဦးအောင်နိုင်ဝင်းက ၂၄-၆-၂၀၁၂ ရက်နေ့တွင်ငွေကျပ် ၂၀၀၀၀၀/- အား ထပ်မံပေးသွင်းစေခဲ့ပြီး ဆက်လက်၍ သက်ဆိုင်ရာမြို့နယ်များမှ ကျန်ရှိနေသည့် မြေဆီဖိုးများတောင်းခံလျက်ရှိကြောင်း၊ ပေးပို့ရရှိလာပါက ဆက်လက်ပေးသွင်းသွားမည် ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသောစာကို တင်ပြထားသောကြောင့် ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၁၉ (၁) အရ ကာလစည်းကမ်းသတ်အပိုင်းအခြား (၃) နှစ်ကို အသစ်ရေတွက်ရန် ဖြစ်ကြောင်း၊ မြေသြဇာအိတ်ဖိုး နောက်ဆုံးပေးသွင်းသည့်ရက်မှာ ၂၄-၆-၂၀၁၂ ရက်နေ့ ဖြစ်ကြောင်း၊ တရားလိုစွဲဆိုသည့်အမှုသည် ကာလစည်းကမ်းသတ်မကျော်လွန်ကြောင်း သုံးသပ်၍ မူလ ရေနံချောင်းမြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုခဲ့သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက ၂၄-၆-၂၀၁၂ ရက်စွဲပါစာတွင် တရားပြိုင်မှ လက်မှတ်ရေးထိုးထားသော်လည်း ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ပဋိညာဉ်ဥပဒေပုဒ်မ ၂၅ (၁) တို့နှင့် အကျုံးဝင်သော ဝန်ခံချက်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ မြေဆီဖိုးကျန်ငွေများပေးချေရမည့်ရက် သတ်မှတ်ထားကြောင်း အဆိုလွှာတွင် တရားလိုက အဆိုပြုထားခြင်းမရှိသည့်အတွက် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၂ နှင့်သက်ဆိုင်ကြောင်း၊ ပစ္စည်းများရောက်ရှိပြီး (၆) လပြည့်သည်နှင့် မြေသြဇာဖိုးငွေများကို

မပျက်မကွက် အကျေပေးချေရမည်ဟု နှစ်ဖက်သဘောတူညီခဲ့ကြောင်း ထွက်ဆိုချက်များအရဆိုလျှင် ကုန်ဖိုးပေးချေရန် နေ့ရက်သတ်မှတ်ခဲ့သည်ဟု မှတ်ယူနိုင်သည့်အတွက် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၃ နှင့်သက်ဆိုင်ကြောင်းကိုလည်း ကောက်ယူနိုင်ကြောင်း၊ မြေသြဇာအိတ်များလက်ခံရရှိသည့် နေ့ရက်အသီးသီးအနက် နောက်ဆုံးလက်ခံရရှိသည့်နေ့သည် ၁၂-၇-၂၀၀၉ ရက်နေ့ဖြစ်သဖြင့် မြေသြဇာအိတ်များလက်ခံရရှိပြီးနောက် (၆) လပြည့်သည့် ကုန်ဖိုးပေးချေရန်နေ့မှာ ၁၂-၁-၂၀၁၀ ရက်နေ့ဖြစ်သဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ် ၅၃ အရ စည်းကမ်းသတ်ကာလကို စတင်ရေတွက်ရမည့်နေ့သည် ၁၂-၁-၂၀၁၀ ရက်နေ့ဖြစ်ကြောင်း၊ အမှုစွဲဆိုသည့် ၂၂-၆-၂၀၁၅ ရက်နေ့တွင် ကာလစည်းကမ်းသတ် (၃) နှစ်ကျော်လွန်ပြီးဖြစ်ကြောင်း အဆို၊ အချေ၌ မပါဝင်ဆန့်ကျင်ကွဲလွဲသည့်ကိစ္စကို ဖော်ထုတ်ဆုံးဖြတ်၍ သက်သာခွင့်မပြုရကြောင်း၊ မကွေးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပေးရန်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၀ (၁) တွင် ပြဋ္ဌာန်းချက်အရ ၂၄-၆-၂၀၁၂ ရက်နေ့မှာ တရားလိုက တရားပြိုင်ထံ မြေဆီအိတ်ဖိုးငွေများနောက်ဆုံးပေးဆပ်သည့်နေ့ဖြစ်ရာ ကာလစည်းကမ်းသတ်ဥပဒေအပိုဒ် ၅၂ အရဖြစ်စေ၊ အပိုဒ် ၅၃ အရဖြစ်စေ ထိုရက်မှစ၍ ရေတွက်လျှင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ တရားပြိုင်နောက်ဆုံးပေးဆပ်သည့်နေ့မှာ ၂၄-၆-၂၀၁၂ ရက်နေ့ဖြစ်ခြင်းကြောင့် ကာလ စည်းကမ်းသတ်ပုဒ်မ ၂၀ (၁) အ ရ ယင်းနေ့မှစ၍ ကာလစည်းကမ်းသတ်အပိုင်းအခြားကို အသစ်ရေတွက်ရမည်ဖြစ်ရာ တရားစွဲဆိုသည့်နေ့မှာ ၂၂-၆-၂၀၁၅ ရက်နေ့ဖြစ်ခြင်းကြောင့် တရားစွဲဆိုမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ သက်သေခံ (င) (စ) တို့အရ တရားပြိုင်က ငွေပေးသွင်းခဲ့မှုအပေါ် ဦးစန်းပွင့်က လက်ခံခြင်းသည် ကတိတစ်ရပ်ဖြစ်လာခြင်းပင်ဖြစ်ရာ နောက်ဆုံးပေးဆပ်သည့်နေ့ ၂၄-၆-၂၀၁၂ ရက်နေ့မှ ဆက်လက်ရေတွက်လျှင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီသည် ဥပဒေနှင့်ညီညွတ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် နှစ်ဖက်တင်ပြသည့် သက်သေခံစာရွက်စာတမ်းများနှင့် ထွက်ဆိုတင်ပြချက်များအရ တရားလိုဦးစန်းပွင့်သည် အာရှဓာတ်မြေသြဇာအိတ်များဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်စဉ် ရေနံချောင်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူးဦးအောင်နိုင်ဝင်းနှင့် အဆက်အသွယ်မှတစ်ဆင့် တောင်တွင်းကြီး၊ မင်းလှ၊ မြို့သစ်၊ စလင်း (၄) မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီများမှ တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချရန် သဘောတူဆောင်ရွက်ခဲ့ကြောင်း မြေသြဇာအိတ်စုစုပေါင်း (၂၀၀၀) အိတ်ကို (၄) မြို့နယ်သို့ တစ်အိတ်လျှင် အရောက်ပို့ ကျပ် ၉၀၀၀/- နှုန်းဖြင့် အကြွေးရောင်းချခဲ့ကြောင်း၊ မြေသြဇာဖိုးငွေများကို တရားပြိုင်ဦးအောင်နိုင်ဝင်းထံမှတစ်ဆင့် တရားလိုဦးစန်းပွင့်ထံသို့ ပေးသွင်းလက်ခံခြင်းပြုလုပ်ကြောင်း၊ ဦးအောင်နိုင်ဝင်းမှာ နောက်ဆုံးအကြိမ် (စတုတ္ထအကြိမ်) ၂၄-၆-၂၀၁၂ ရက်နေ့ ပေးသွင်းငွေကျပ် ၂၀၀၀၀၀ /- ဖြစ်ပြီး စုစုပေါင်းပေးသွင်းငွေကျပ် ၆၇၈၄၀၀၀ /- ဖြစ်ကြောင်း အငြင်းမပွား ပေါ်ပေါက်သည်။

တရားလိုဦးစန်းပွင့်က အချင်းဖြစ်မြေဆီအိတ် (၄၀၀) ကို ပေးပို့ခဲ့သည်များနှင့် စပ်လျဉ်း၍ သက်သေခံ (ခ) ကုန်ပို့စာရင်းတင်ပြထားသည်။ ယင်းစာရင်းအရ တောင်တွင်းကြီးမြို့သို့ မြေဩဇာအိတ် (၄၀၀) တင်ပို့ခဲ့သည့် ၁၂-၇-၂၀၀၉ ရက်နေ့သည် နောက်ဆုံးအကြိမ်ဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

တရားလို၏အဆိုလွှာတွင် မြေဩဇာအိတ်ဖိုးငွေများကို မည်သည့်နေ့ရက်တွင် ပေးဆပ်ရန် သတ်မှတ်ထားကြကြောင်း ဖော်ပြမထားပေ။ သို့ဖြစ်၍ ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပထမဇယား၊ အမှတ်စဉ် ၅၂ အရ ကုန်စည်များကို ပေးအပ်သည့်နေ့မှစ၍ ကာလစည်းကမ်းသတ် (၃) နှစ်အတွင်း တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ (၁) တွင် စည်းကမ်းသတ်ကာလ အပိုင်းအခြားကို အသစ်ရေတွက်ရသည့်စာဖြင့် ရေးသားထားသော ဝန်ခံချက်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ (၁) နှင့် ညီညွတ်ရန်အတွက် (၁) တရားမမှုစွဲဆိုရန် ကာလစည်းကမ်းသတ်မကုန်ဆုံးမီဖြစ်ရမည်၊ (၂) တောင်းဆိုခံရသူက တာဝန်ရှိကြောင်း စာဖြင့်ရေးသားဝန်ခံချက်ရှိရမည်၊ (၃) အဆိုပါဝန်ခံချက် ကို တောင်းဆိုခံရသူမှ လက်မှတ်ရေးထိုးရမည် စသည့်အချက် (၃) ချက် ပြည့်စုံရန်လိုအပ်သည်။

တရားပြိုင်က မြေဩဇာအိတ်ဖိုးငွေများနှင့် စပ်လျဉ်း၍ နောက်ဆုံးအကြိမ် (စတုတ္ထအကြိမ်) ပေးသွင်းခဲ့သော ၂၄-၆-၂၀၁၂ ရက်စွဲပါ သက်သေခံ (စ) အကြောင်းကြားစာတွင် " × × × × ဆက်လက်၍ သက်ဆိုင်ရာမြို့နယ်များမှ ကျန်ရှိနေသည့်မြေဆီဖိုးများအား တောင်းခံလျက်ရှိပါကြောင်းနှင့် ပေးပို့ရရှိလာပါက ဆက်လက်ပေးသွင်းသွားမည်ဖြစ်ကြောင်း" ၎င်း၏တည်ဆဲတာဝန်ရှိမှုတစ်ရပ်အဖြစ် ဝန်ခံချက်ပြုလုပ်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ယင်းဝန်ခံချက် ရေးသားပေးပို့သည့် ၂၄-၆-၂၀၁၂ ရက်နေ့သည် မြေဩဇာအိတ်များနောက်ဆုံးပေးပို့ခဲ့သည့် ၁၂-၇-၂၀၀၉ ရက်နေ့မှ စတင်ရေတွက်ပါက သတ်မှတ်ထားသည့်ကာလစည်းကမ်းသတ် (၃) နှစ် မကျော်လွန်သေးပေ။

သို့ဖြစ်ရာ မြေဩဇာအိတ်ဖိုးကျန်ငွေများနှင့်စပ်လျဉ်း၍ တရားစွဲဆိုတောင်းခံရန် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ (၁) အရ ၂၄-၆-၂၀၁၂ ရက်နေ့မှစ၍ ကာလစည်းကမ်းသတ် အပိုင်းအခြားကို အသစ်ရေတွက်ရန်အကြောင်း ပေါ်ပေါက်လျက်ရှိသည်။ မြေဩဇာအိတ်ဖိုး ကျန်ငွေများရလိုမှုကို ၂၂-၆-၂၀၁၅ ရက်နေ့တွင် စွဲဆိုလာခြင်းဖြစ်သဖြင့် ကာလစည်းကမ်းသတ် (၃) နှစ်ကျော်လွန်ခြင်းမရှိကြောင်း မြင်သာထင်ရှားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၉ နှင့် အကျုံးဝင်နေလျှင် စည်းကမ်းသတ် ကာလအလို့ငှာ ပုဒ်မ ၂၀ အရ စဉ်းစားရန် မလိုအပ်ပေ။ **ဦးထွန်းမောင် နှင့် အယ်လ်အချိုင် အမှု**[၁] ကို ကြည့်ပါ။

---

၁။ ၁၉၄၀ ပြည့်နှစ်၊ အာရ်အယ်လ်အာရ်၊ စာ - ၆၀၃။

၇၄

အမှုပေါ်ပေါက်ချက်အရလည်း မြေညြဇာဖိုးကျန်ငွေ ကျပ် ၁၁၂၁၆၀၀၀/- အနက် ငွေကျပ် ၁၂၁၆၀၀၀/- ကို တရားလိုက စွန့်လွှတ်ခဲ့ပြီးဖြစ်သဖြင့် တရားပြိုင် ဦးအောင်နိုင်ဝင်းသည် တရားလိုတောင်းဆိုသော မြေညြဇာဖိုးကျန်ငွေကျပ်သိန်း ၁၀၀ ကို ပေးဆပ်ရန် တာဝန်ရှိပေသည်။

သို့ဖြစ်ရာ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်သည် တရားလို အား မြေဆီဖိုးငွေကျပ်သိန်း ၁၀၀ အား ပြန်လည်ပေးဆပ်စေရန် အနိုင်ဒီကရီချမှတ်ပေးခဲ့သည့် ရေနံချောင်းမြို့နယ်တရားရုံး၏ ၂၂-၈-၂၀၁၇ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြု ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ပေသည်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၁၀-၅-၂၀၁၈ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီကို ဆက်လက်အတည်ပြုပြီး ဤတရားမအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး